


# အခန်း (၁)

'ပုံပုံရေ'

ယုန်နီ၊ မဲလေး၊ မိုးသဲ၊ ညိုမောင်တို့ရဲ့ သံပြိုင်ခေါ်သံကို ပုံပုံကြားလိုက်ရသည်။

နောက်ဆုံးထမင်းလုတ်ကိုပါ ပါးစပ်ထဲအမြန်ထိုးသွင်းလိုက်သည်။ ထမင်းနင်သွားသဖြင့် အနားပွဲ့နေသော ဖန်ခွက်လေးဖြင့် ရေတစ်ခွက် အမြန်ခပ်သောက်လိုက်ရသည်။

ရေသောက်ပြီးတော့ စားပြီးသား ထမင်းပန်းကန်ကို ရေအင်တုံထဲသို့ အရင်နှစ်ဆေးလိုက်သည်။

ပြီးမှ ဆပ်ပြာကမန်းကတန်း တိုက်လိုက်ပြီး ရေအမြန်ဆေးလိုက်သည်။

ဆေးပြီးသားပန်းကန်ကို စားပွဲပေါ် ပစ်တင်လိုက်ပြီး ရေစိုနေတဲ့လက်ကို ညစ်ထေးနေသော စကပ်အောက်နားစနှင့် သုတ်လိုက်သည်။

ပေကျံနေတဲ့ ပါးစပ်ကိုလည်း တွေ့ကရာ အဝတ်နှင့် ကောက်သုတ်ရင်း အိမ်ရှေ့သို့ ပုံပုံပြေးထွက်လာခဲ့သည်။

အိမ်ရှေ့ ခွေးကတတက်တွင် ယုန်နီ၊ မဲလေး၊ မိုးသဲနှင့် ညိုမောင်တို့ ထိုင်နေကြသည်။ ပြေးထွက်လာတဲ့ပုံပုံကို တွေ့လိုက်သဖြင့် ထိုင်ရာမှ အားလုံးထလိုက်ကြသည်။

'ပုံပုံကလဲကြာလိုက်တာဟာ၊ ဘာလုပ်နေတာလဲ'

ရွာထဲတွင် အကြော်လည်ရောင်းနေသော အကြော်သည်မ

မမြချစ်ရဲ့သမီး မိုးသဲက ပုံပုံကို ကြည့်၍ ပြောလိုက်ခြင်းပါ။

'မိုးသဲကလဲ ငါထမင်း စားနေတာဟ၊ နင်တို့ကော စားပြီးပြီးလားဟင်'

'စားပြီးပြီ'

ယုန်နီ၊ မဲလေးနှင့် မိုးသဲတို့ထံ ဖြေသံကြားလိုက်ရသော်လည်း ညိုမောင်ထံမှ ဖြေသံမကြားရ။

'ဟဲ့...ညိုမောင်၊ နင်ထမင်း မစားရသေးဘူးလားဟင်'

ညိုမောင်ကမဖြေ။ တကယ်တော့ ညိုမောင် ထမင်းစားမစားရသေးပါ။

ညနေထမင်းမဆိုထားနှင့်။ မနက်ထမင်းတောင် ညိုမောင် မစားရသေးပါ။

ထမင်းဆိုတဲ့အသံကြားမှ ညိုမောင့်ဗိုက်က တဂွီဂွီမြည်လာသည်။

မနက်အစောကြီးတုန်းကတော့ အကြော်သည် ဒေါ်မြချစ်ထံမှ မုန့်ဆီကြော်တစ်ခုကို အဘွားဖြစ်သူဒေါ်မယ်အေးဝယ်ကျွေးသဖြင့် မုန့်ဆီကြော်တစ်ခုနှင့် ရေနွေးအဝတော့ သောက်ထားတယ်။

မနက်စောစောက မုန့်ဆီကြော်လည်း ညနေရောက်တော့ ဗိုက်ထဲအစရှာမရတော့။

ပုံပုံတို့က ထမင်းအကြောင်းပြောသဖြင့် ညိုမောင်ထမင်းဆာလာသည်။

ပုံပုံကတော့ သူ ထမင်းမစားရသေးဘူးဆိုရင် သူ့ကို ထမင်းအတင်းကျွေးမှာ သေချာသည်။ အမြဲတမ်းကျတော့ ပုံပုံထံမှာ ညိုမောင်မစားရက်။

ပုံပုံမှာက စေတနာဖြင့် ထမင်း အတင်းကျွေးပေမယ့် ငွေကြေးက ချောင်လည်တာမဟုတ်။

ဒါပေမယ့် ညိုမောင်တို့ထက် စာလျှင်တော့ တော်သေးသည်ဟု ဆိုရမည်။

မနက်ည ထမင်းနပ်မှန်စွာ စားရသည်။

ပုံပုံ့အဖေ ဦးခင်ဆောင်က ပုံပုံမမွေးခင် ဆုံးသွားပြီး ပုံပုံ့အမေ ဒေါ်နှင်းပွင့်မေက ပုံပုံကို မွေးပြီးပြီးချင်း ဆုံးသွားသည်။

အဖေဦးခင်ဆောင်၏ အဖေ၊ ပုံပုံ့အဘိုး ဦးတိုးမျှင်ကပဲ ပုံပုံကို မွေးစားလိုက်ရသည်။

ဦးဘိုးမျှင်၏ အလုပ်အကိုင်က လှေထိုးသား။

‘လာဟာ…ညိုမောင် နင်ထမင်းစားရမယ်၊ နင်ထမင်းမစားရသေးဘူးဆိုတာ ငါသိတယ်’

ပြောပြောဆိုဆိုနှင့် ပုံပုံအိမ်ပေါ် ပြေးတက်သွားပြီး ထမင်းအိုးထဲမှာ ကျန်နေတဲ့ ထမင်းများကို အိမ်မှာရှိတဲ့ ဇလုံပဲ့ တစ်လုံးထဲသို့ ထည့်လိုက်သည်။

ပုံပုံ အိမ်ပေါ်ပြေးတက်သွားချိန်တွင် ယုန်နီလည်း သူ့အိမ်သို့ အမြန်ပြေးပြီး ညိုမောင်အတွက် ဟင်းသွားယူသည်။

ပုံပုံ၊ မိုးသဲ၊ ယုန်နီ၊ ညိုမောင်၊ မဲလေးတို့ အထဲတွင် ယုန်နီက အပြေလည်ဆုံးဟု ဆိုရမည်။

ယုန်နီ့ မိဘများဖြစ်ကြတဲ့ ဦးဖြူလေးနှင့် ဒေါ်ရွှေပွင့်တို့မှာ ဧကမြောက်မြားစွာသော ကိုင်းများကို ပိုင်ဆိုင်ကြသည်။

ယုန်နီ့ အဘိုးအဘွားများမှာ ရွာဦးကျောင်းမှ ရဟန်းဒကာ ကျောင်းဒကာများ ဖြစ်ကြသည်။

ယုန်နီ အိမ်ပြန် ဟင်းယူနေချိန်တွင် မိုးသဲလည်း ညိုမောင့်အတွက် အကြော်တစ်ခု ပြေးယူနေသည်။

မဲလေးကတော့ ညိုမောင်စားဖို့ ဘာမှမပေးနိုင်။

မဲလေးမှာက မိဘမရှိတော့သော စစ်သားလူထွက် ခြေတစ်ဖက်ပြတ် ဒုက္ခိတဦးလေးဘနှစ်နှင့် နေရသည်။ ခြေတစ်ဖက်ပြတ်ပေမယ့် တူမဖြစ်သူနှင့် မိမိအတွက် ညမနက်စာ အတွက်တော့ ဦးဘနှစ်ရှာဖွေနိုင်ပါသည်။

သက်ငယ်ပေါ်ချိန်တွင် လက်ခစား သက်ငယ်ပျစ်သည်။ သူများကလေးငယ်များကို လိုက်လံထိန်းကျောင်းပေးသည့် အတွက်လည်း ပဲလေးဘူး ဆန်နှစ်ဗူးလောက်ရသည်။

မဲလေးတို့သည် သူငယ်ချင်းငါးယောက်ထဲတွင် အဆင်းရဲဆုံး အကျပ်တည်းဆုံးကတော့ ညိုမောင်။ အဘွားဖြစ်သူဒေါ်မယ်အေးကတော့ ကိုင်းတွေပေါ်ချိန်တွင် သူများကိုင်းမှာ လက်ခစား ကိုင်းလိုက်ကောက်သည်။

ကိုင်းနားချိန်တွင် သက်ငယ်ပျစ်သည်။ အလုပ်ကြိုးစားသော်လည်း အသက်အရွယ်က ကြီးလာသည့်အတွက် ထင်သလောက်အလုပ်မဖြစ်။ မောတက်လာသည်။ ဒါကြောင့် သိပ်မရှာနိုင်တော့။

သိပ်မရှာနိုင်သည့်အတွက် ညမနက်ထမင်းစားရန် ခက်ခဲလာသည်။

ညိုမောင်က ငယ်သေးသဖြင့် အလုပ်ထွက်မလုပ်နိုင်သေး။ အိမ်အလုပ်တွေတော့ ကူလုပ်သည်။

ညမနက်ထမင်းစားရန်ပင် ခက်ခဲလာသဖြင့် ညိုမောင်လေးတန်းအရ အသက်ကိုးနှစ်အရွယ်တွင် ကျောင်းထွက်လိုက်ရသည်။

'ရော့…ညိုမောင်'

ပုံပုံက ညိုမောင့်အတွက် ငါးပိရည်နှင့် မြေပဲလှော်ဖြူးထားသော ထမင်းဇလုံကိုလှမ်းယူလိုက်ပြီး အားပါးတရစားရန် ပြင်လိုက်သည်။

'ဟော့…ညိုမောင်…နေဦး'

အော်သံနှင့်အတူ ယုန်နီက ငါးကလေးဟင်းကို ကိုင်ပြီး ပြေးလာနေသလို မိုးသဲကလည်း ပဲကပ်ကြော်တစ်ခုကိုကိုင်ပြီး ပြေးလာသည်။

ညိုမောင့်နားရောက်တော့ မိုးသဲက ပဲကပ်ကြော်တစ်ခုကို ညိုမောင့်ဇလုံထဲထည့်လိုက်ပြီး ယုန်နီက သူ့ငါးလေးဟင်းကို ညိုမောင့်ဇလုံထဲ သွန်ထည့်လိုက်သည်။

ညိုမောင်လည်း ဆာဆာနှင့် ငါးပိရည်၊ မြေပဲလှော်၊ ငါးကလေးဟင်း၊ ပဲကပ်ကြော်နှင့် ထမင်းတို့ကို နယ်လိုက်ပြီး အားရပါးရ စားလိုက်တော့သည်။

ညိုမောင်ထမင်းစားပြီးတော့ မဲလေးက ညိုမောင်စားပြီးသားဇလုံနှင့် ငါးကလေးဟင်းထည့်လာသော ယုန်နီရဲ့ ဟင်းခွက်တို့ကို အတင်းလုယူပြီး ဆေးတော့သည်။

'မဲလေးမဆေးနဲ့၊ ငါ့ဘာသာ ငါဆေးမယ်'

ညိုမောင်က စားပြီးသားဇလုံနှင့် ဟင်းခွက်ကို ကိုယ့်ဘာသာဆေးရန် ပြန်လုသော်လည်း မဲလေးကမပေး။

ရေအင်တုံရှိရာသွားပြီး သူ့ဘာသာသူ ဆေးနေသည်။ ဆေးနေရင်းမှ ညိုမောင့်ကို လှမ်းအော်ပြောလိုက်သည်။

'ညိုမောင်ရေ၊ ငါကပုံပုံ၊ ယုန်နီ၊ မိုးသဲတို့လို ဘာမှမကျွေးနိုင်ဘူးကွ၊ ဒါကြောင့် မင်းကိုအားနာတာနဲ့ မင်းပန်းကန်ဆေးပေးတာပေါ့'

'အမလေး မဲလေးရယ်၊ အားနာခြင်းအားနာရင် ငါကပဲ အားလုံးကိုအားနာရမှာပါကွာ၊ ငါလေ နင်တို့အားလုံးကို အားလည်းနာတယ်၊ ကျေးဇူးလည်းသိပ်တင်တယ်'

'ရပါတယ် ညိုမောင်ရယ်၊ အားလဲနာစရာ မလိုပါဘူး၊ ကျေးဇူးလဲတင်စရာမလိုပါဘူးကွာ၊ ငါတို့ သူငယ်ချင်းငါးယောက်က

မရှိအတူရှိအတူပေ့ါ ဟုတ်ဖူးလား’

ညိုမောင်တို့အုပ်စုထဲမှ အသက်အကြီးဆုံး ငါးတန်းကျောင်းသူ ယုန်နီက ပြောလိုက်ခြင်းပါ။

‘ဟုတ်တာပေ့ါကွာ’

မဲလေး၊ ပုံပုံနှင့် မိုးသဲတို့က အသက်ဆယ့်နှစ်နှစ် အရွယ်ရှိ ယုန်နီအပြောကို ထောက်ခံလိုက်ကြသည်။

‘ကဲ-လာကြဟာ၊ ငါတို့ကစားကြရအောင်’

ညိုမောင်တို့အုပ်စုထဲတွင် ပုံပုံက အသက်အငယ်ဆုံး၊ ယခုသုံးတန်းတက်နေသူလေး ဖြစ်သည်။

ပုံပုံ့ကို အားလုံးက ချစ်ခင်အလိုလိုက်ကြသည်။

‘ဘာတန်းကစားကြမှာလဲလို့ ပုံ့ကိုပြောပါဦး’

‘ရွှေစွန်ညိုတမ်းကစားကြရအောင်နော်’

‘ဟေး…ကစားကြမယ်’

မဲလေးအပြောကို အားလုံး ထောက်ခံလိုက်ကြသည်။ မဲလေးကား အသက်ကိုးနှစ်ရှိပြီး လေးတန်းကျောင်းသားဖြစ်သည်။ မိုးသဲနှင့်မဲလေးက သက်တူအတန်းတူ ဖြစ်သည်။

‘ကစားကြမယ်ဆိုရင် ပုံပုံက မထွေးလုပ်၊ ညိုမောင်က ရွှေစွန်ညိုလုပ်’

ယုန်နီ့အပြောကို အားလုံး ထောက်ခံလိုက်ကြသည်။

မကြာမီအချိန်တွင် ယုန်နီ၊ မဲလေး၊ ညိုမောင်၊ မိုးသဲနှင့် ပုံပုံတို့၏ ဆော့ကစားသံများသည် ရွာတန်းတစ်လျှောက် ပျံ့လွင့်နေတော့သည်။

‘ရွှေစွန်ညို ဘာကိုလိုလို့ဝဲတာလဲ’

‘မထွေးလိုလို့ ဝဲပါတယ်’

*

## အခန်း (၂)

'ပုံပုံတို့ လာကြ၊ လာကြ'

ရွာဦးကျောင်းမှ ဆရာတော်ဦးပရဝက ကျောင်းပေါ်မှာ ထိုင်နေရင်း ပုံပုံတို့အုပ်စု ဝင်လာသည်ကို တွေ့လိုက်သဖြင့် ခေါ်လိုက်သည်။

ရွာဦးကျောင်းသို့ အပတ်တိုင်း ပုံပုံတို့အုပ်စု လာလေ့ရှိသည်။

ရွာဦးကျောင်းသို့ ရောက်ပြီဆိုလျှင် တံမြက်စည်းလှည်း၊ ကြမ်းတိုက်၊ သောက်ရေအိုးဖြည့်စသည်ဖြင့် ကျောင်းဝေယျာဝစ္စများကို တက်ညီလက်ညီ လုပ်ကိုင်ပေးကြသည်။

ယခုလည်း ကျောင်းဝေယျာဝစ္စပြုလုပ်ရန် ရောက်လာကြသည်။

'ကဲ-လာ၊ ထိုင်ကြဦး'

ဆရာတော်က ထိုင်ခိုင်းသော်လည်း ပုံပုံတို့အုပ်စု ထိုင်ရန်မဝံ့မရဲဖြစ်နေသည်။

ဆရာတော်ရှေ့တွင် ဝတ်ကောင်းစားလှများဖြင့် ထိုင်နေကြသော ဧည့်သည်များ ရှိနေသောကြောင့်ပင်။

'ဟော့ ယုန်နီ၊ မဲလေး၊ ပုံပုံ၊ ညိုမောင်၊ မိုးသဲတို့ ထိုင်ကြလေ'

ဆရာတော် အတင်းထိုင်ခိုင်းသဖြင့် ဧည့်သည်များ ထိုင်နေသောနေရာနှင့် ခပ်လှမ်းလှမ်းတွင်ပုံပုံတို့အုပ်စု ဝင်ထိုင်လိုက်ကြသည်။

ဧည့်သည်များ၏ မျက်လုံးများက ပုံပုံတို့ဆီ ရောက်လာသည်။

‘ဒီဘက်က ကျစ်ဆံမြီးလေးနဲ့ ကလေးမနာမည်က ယုန်နီတဲ့၊ သူ့အဘိုးအဘွားတွေကဘုန်းကြီးရဲ့ ရဟန်းဒကာတွေပေါ့၊ သူ့ဘေးမှာထိုင်နေတဲ့ ကလေးမနာမည်က မဲလေးတဲ့၊ မိဘမရှိတော့ဘူး၊ သူ့ဦးလေး စစ်သားလူထွက် ခြေတစ်ဖက်ပြတ်နဲ့ နေနေရရှာတာပေါ့’

ဆရာတော်က ညွှတ်သည်များကို ပုံပုံတို့အုပ်စုနှင့် မိတ်ဆက်ပေးနေသည်။

မဲလေးဘေးက ကလေးနာမည်ကမိုးသဲတဲ့၊ အကြော်သည် မုဆိုးမအမေကြီးနဲ့ နေရတာ ပေါ့၊ သူ့ဘေးက ကလေးနာမည်ကညိုမောင်တဲ့၊ သူလဲ မိဘတွေမရှိတော့ဘူး၊ ဘွားအေကြီးနဲ့ နေရရှာတာ၊ အခု သိပ်ကျပ်တည်းနေလို့ ကျောင်းကတောင် ထွက်ထားရတယ်’

ဆရာတော့်စကားကို နားထောင်ရင်း ညွှတ်သည်များ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

‘ညိုမောင့်ဘေးက ကလေးမနာမည်ကတော့ ပုံပုံတဲ့၊ သူလဲ မိဘမရှိရှာဘူး၊ လေ့ထိုးသားအဘိုးဖြစ်သူနဲ့ နေရတာ ပေါ့၊ ဟဲ့-ပုံပုံ နင့်အဘိုး ဘိုးမျှင် လှေလှော်သွားပြီလား’

ဆရာတော်က ညွှတ်သည်များကို ပုံပုံတို့နှင့် မိတ်ဆက်ပေးပြီး ပုံပုံကို လှမ်းမေးလိုက်သည်။

‘တင်ပ့ါဘုရား၊ မနက်ကတည်းက လှေလှော်ထွက်သွားပါတယ်ဘုရား’

ဆရာတော်အမေးကို ပြန်ဖြေရင်း ပုံပုံမျက်လုံးများက ညွှတ်သည်များဆီ ရောက်သွားသည်။

အသားဖြူဖြူ ဆံထုံးလှလှ မိန်းမကြီးနှင့် ရွှေကိုင်းမျက်မှန်တပ်ထားသော ခန့်ခန့်ချောချော ယောကျာ်းကြီးတို့မှာ လင်မယားဖြစ်ပုံရသည်။

အကောင်းစားအကျႌ၊ အကောင်းသား ဘောင်းဘီနှင့်

အကောင်းစားဦးထုပ်ပေါင်ပေါ်တင်ထားသော ကောင်လေးမှာ ဧည့်သည်မိန်းမကြီးနှင့် ယောက်ျားကြီးတို့၏ သားဖြစ်ဟန်တူသည်။

ကောင်လေးက ပုံပုံနှင့် ရွယ်တူလောက် ဖြစ်လိမ့်မည်ဟု ပုံပုံထင်မိသည်။

ဧည့်သည့်မိန်းမကြီးသည် ပုံပုံကို သေသေချာချာ စိုက်ကြည့်နေသည်။ ပြီးမှ ဆရာတော်ကို လျှောက်တင်လိုက်သည်။

'ဘုန်းဘုန်းဘုရား၊ ပုံပုံဆိုတဲ့ ကလေးမက နှင်းပွင့်နဲ့ တူလိုက်တာဘုရား'

ဧည့်သည် မိန်းမကြီးအမေးကို ဆရာတော်က ကွမ်းသီးညှပ်နေရင်း ပြန်ဖြေလိုက်သည်။

'တူမပေ့ါမိစံရယ်၊ ပုံပုံက နှင်းပွင့်သမီးလေ'

'နှင်းပွင့်နဲ့ တစ်ထေရာတည်းပဲ ဘုန်းဘုန်းရယ်၊ တပည့်တော် နှင်းပွင့်နဲ့ တွေ့ချင်လိုက်တာဘုရား'

'ဟင်း'

သက်ပြင်းမောတစ်ချက်ကို ဆရာတော် ချလိုက်မိသည်။

'ပုံပုံက မိဘမဲ့လို့ ပြောထားတယ်လေ မိစံရဲ့'

'ဟင် ဒါ ဒါဆို'

'ဟုတ်တယ် မိစံ၊ ပုံပုံကို မွေးပြီးပြီးချင်း မီးတွင်းထဲမှာပဲ ဆုံးသွားရှာတယ်'

'အို-နှင်းပွင့်ရယ်'

ဧည့်သည် မိန်းမကြီး မျက်ဝန်းထဲတွင် မျက်ရည်ကြည်တို့ ဝေ့ဝဲလာသည်။

ဝေ့ဝဲလာတဲ့ မျက်ရည်ကြည်တို့ကို လက်ကိုင်ပဝါလေးနှင့် မသိမသာ တို့သုတ်လိုက်သည်။

‘နှင်းပွင့်က မီးတွင်းထဲမှာပဲ ဆုံးသွားသလို နှင်းပွင့်ယောကျ်ားကလည်း ပုံပုံမမွေးခင်ကပဲ ပိုးထိပြီး ဆုံးသွားရှာတယ်၊ ဒါကြောင့် ပုံပုံလေးကို နှင်းပွင့်ယောက္ခမ ဦးဘိုးမျှင်ကပဲ မွေးစားခဲ့ရတာ ပေါ့’

‘ဟင် နှင်းပွင့် ယောက္ခမက ဦးလေး ဘိုးမျှင် ဆိုတော့ နှင်းပွင့်ယောကျ်ားက ဦးလေး ဘိုးမျှင်ရဲ့သား ခင်ဆောင်ပေါ့၊ ဟုတ်လားဘုရား’

‘ဟုတ်တယ် မိစံ၊ ပုံပုံ့အဖေက ခင်ဆောင်ပဲ၊ မိစံ သိပ်ခင်တဲ့ သူငယ်ချင်းနှစ်ယောက်ရဲ့ သမီးလေးဟာ ဟောဒီပုံပုံလေးပဲပေါ့’

ပုံပုံကိုကြည့်နေတဲ့ မိန်းမကြီး၏ မျက်ဝန်းမှာ ကြင်နာရိပ်တွေကို ပုံပုံ တွေ့လိုက်ရသည်။

‘ကိုကောင်း ပုံပုံက မိစံအချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ရဲ့ သမီးလေ’

ညွှ့်သည်မိန်းမကြီးက ယောကျ်ားကြီးကို လှည့်ပြောလိုက်သည်။ ယောကျ်ားကြီးက ပုံပုံကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

‘လာပါဦး သမီးလေးပုံပုံရဲ့၊ အန်တီမိဆီ လာပါဦးကွဲ့’

မိန်းမကြီးခေါ်နေသဖြင့် ပုံပုံထလာခဲ့သည်။ မိန်းမကြီးက ပုံပုံမျက်နှာလေးကို ကြင်နာစွာ ကြည့်နေသည်။

‘ပုံပုံက တကယ်ချစ်ဖို့ကောင်းတာပဲ၊ ကြီးလာရင်တော့ မိန်းမချောလေး ဖြစ်မှာပဲ’

မိန်းမကြီးရဲ့စကားကြောင့် မိန်းမကြီးရဲ့သားဖြစ်ဟန်တူသူကောင်လေးရဲ့မျက်နှာက မဲ့ရွဲ့သွားသည်။

ဂါဝန်စုတ်စုတ်ဝတ်ထားသောပုံပုံကိုလည်း ရွံ့သလို ကြည့်နေသည်။

ထိုအချိန်တွင် ယုန်နီ့အဖေ ဦးဖြူလေးနှင့် ရွာသားတချို့သည် ရွာဦးကျောင်းသို့ ပြေးဝင်လာကြသည်။

'ဘုန်းဘုန်းဘုရား၊ ဘုန်းဘုန်းဘုရား'

'ဟဲ့ ဖြူလေးတို့ပါလား၊ ဘယ်လိုဖြစ်လာကြတာလဲ၊ မထိတ်သာမလန့်သာ ရှိလိုက်တာ'

ဆရာတော်က ရင်ဘတ်ဖိပြီး ပြောလိုက်သည်။

ဦးဖြူလေးနှင့် ရွာသားတစ်စုသည် ချွေးသည်များနှင့် ခပ်လှမ်းလှမ်းနေရာတွင် ဝင်ထိုင်လိုက်ကြပြီး ဆရာတော်ကို ဦးချလိုက်ကြသည်။

'ကဲ-ပြောပါဦး၊ ဘယ်လိုဖြစ်လာကြတာလဲ'

ဦးဖြူလေးအပါအဝင် ရွာသားတို့သည် ဆရာတော် အမေးကို ချက်ချင်းမဖြေနိုင်ကြပါ။

'ဟဲ့ မေးနေတယ်လေ၊ ဘာဖြစ်လာကြတာလဲလို့'

ဆရာတော်က ခပ်ငေါက်ငေါက်ပြောလိုက်မှ ဦးဖြူလေးက စကားပြောရန် ချောင်းဟန့်လိုက်သည်။

'အဟမ်း'

စကားပြောဖို့ ပါးစပ်ဟလိုက်သော်လည်း စကားသံက ထွက်မလာ။

ပုံပုံကို သနားကြင်နာစွာ ကြည့်နေသည်။

'ဟဲ့-ဖြူလေး ပြောစရာရှိတာ ပြောစမ်း'

'တင်ပ့ါဘုရား၊ ပုံပုံ့အဘိုး ဦးလေးဘိုးမျှင် လေ့ လေ့နစ်လို့ ဆုံးသွားရှာပြီ'

'ဘာ'

'ဟင်...'

'အို...'

ဆရာတော်ထံမှ အာမေဋိတ်သံနှင့်အတူ ညွှေ့သည်မိန်းမကြီးနှင့် ယောကျ်ားကြီးတို့ထံမှ အာမေဋိတ်သံထွက်လာကြသည်။

ပုံပုံမျက်နှာလေးသည် ဝင်းပနေရာမှညိုမည်းသွားသည်။ လက်ကလေးနှစ်ဖက်ဖြင့် မျက်နှာကို အုပ်ကာ ရှိုက်ကြီးတငင်ငို လေတော့သည်။

'ဟီး ဟီး ဟီး ဟင့်၊ ဘိုးဘိုးဆုံးပြီတဲ့ ဟင့်'

ယုန်နီ၊ မဲလေး၊ မိုးသဲနှင့် ညိုမောင်တို့၏ မျက်ဝန်းတွင်လည်း မျက်ရည်တွေ ပြည့်လျှံလာသည်။

'ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦးကွ'

စိတ်မကောင်းခြင်းကြီးစွာဖြင့် ဆရာတော်က ရွာသားများကို မေးလိုက်သည်။

'ခါတိုင်းလို ဟိုဘက်ကမ်းမှာ ခရီးသည်ပို့ပြီး ပြန်အလာ ရေလယ်လဲရောက်ရော တစ်ဘက်က မျောလာတဲ့ ထင်းတုံးကြီးနဲ့တိုက်မိပြီး လှေမှောက်တော့တာပဲ'

'ဦးလေးဘိုးမျှင် ရေကူးတတ်တယ်ဆိုပေမယ့် အသက်ကထောက်လာတော့ အမောမခံနိုင်တော့ဘူးလေ'

ဦးဘိုးမျှင်၏ အဖြစ်ဆိုးကို ပုံပုံ မကြားရက်တော့။

နှားနှစ်ဘက်ကိုပိတ်ပြီး ဝမ်းနည်းစွာ ငိုနေသည်။

'လှပဟန် ဟိုဘက်ကမ်းကအပြန်မှာ လှေတစ်စင်းမှောက်ပြီး မျောနေတာတွေ့တော့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်တဲ့၊ အဲသည်မှာ လူတစ်ယောက် မြုပ်ချည်ပေါ်ချည် ဖြစ်နေမှန်း သိရတာ တဲ့၊ ရွာပြန်ရောက်တော့ ဦးလေးဘိုးမျှင် ဆုံးသွားပါပြီ ဘုန်းဘုန်းဘုရား'

'အို…ဖြစ်မှဖြစ်ရလေ ဘိုးမျှင်ရယ်'

ပုံပုံလေးကတော့ ဝမ်းပန်းတနည်း ငိုကြွေးလျက်ပင် ရှိသေးသည်။

ငိုနေတုန်း ဧည့်သည်မိန်းမကြီးနှင့် ယောကျ်ားကြီးအသံကို ကြားလိုက်ရသည်။

'ဘုန်းဘုန်းဘုရား၊ ပုံပုံလေးကို တပည့်တော်မမိစံ မွေးစားပါရစေဘုရား'

မိန်းမကြီး၏ အသံကြောင့် ရွာသားများ၏ မျက်လုံးများသည် မိန်းမကြီးဆီသို့ ရောက်ရှိသွားကြသည်။ မိန်းမကြီးကို သေချာစွာကြည့်ပြီး မိန်းမကြီးနှင့်ရွယ်တူ ရွာသားများထံမှ စကားသံကို ကြားလိုက်သည်။

'ဟင်-နင်...နင် မိစံ၊ မိမိစံမဟုတ်လား'

ဒေါ်မိမိစံ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မ မိစံပါ၊ ကိုဖြူလေးတို့ ကိုလှဟန်တို့ ကျွန်မကို မှတ်မိတယ်နော်'

'မှတ်မိတာပေါ့မိစံရယ်၊ နင်က ငါတို့ကို မမှတ်မိတော့လို့လား'

'အို...မှတ်မိလို့ နာမည်တောင်တပ်ခေါ်နေပြီပဲ၊ မိစံက ဒီရွာသူပဲလေ၊ မိစံနဲ့သိဖူးသူတိုင်းကို မိစံမှတ်မိပါတယ်ရှင်၊ သူက မိစံ ခင်ပွန်း ကိုဘကောင်းပါ'

ဒေါ်မိမိစံက ခင်ပွန်းဖြစ်သူ ကိုဘကောင်းနှင့် ရွာသားများကို မိတ်ဆက်ပေးလိုက်သည်။ တစ်ဖန် သားဖြစ်သူနှင့် မိတ်ဆက်ပေးပြန်သည်။

'သူက မိစံရဲ့သားပေါ့၊ နာမည်က ကောင်းမြတ်စံတဲ့'

'မိစံရဲ့သားက လူချောပဲ၊ မိစံတို့လဲ ဆေးကုမယ်ဆိုပြီး ရွာကထွက်သွားတာ ပြန်မလာတော့ တို့တွေတောင် စိတ်ပူကြသေးတယ်'

ဒေါ်မိမိစံ ပြုံးလိုက်မိသည်။ မိခင်ဖြစ်သူ မျက်စိခွဲစိတ်ကုသရန် ရန်ကုန်ရှိအဒေါ်ထံသို့ တစ်မိသားစုလုံး ရောက်လာခဲ့ကြသည်။

ဖခင်ဖြစ်သူ ဆေးရုံတက်ရင်း ဒေါက်တာဘကောင်းနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ရိုးသားအေးဆေးသော မိမိစံကို ဒေါက်တာဘကောင်းချစ်နေမိသည်။ မိမိစံကလည်း သဘောထားပြည့်ဝပြီး တည်ကြည်သော ဒေါက်တာဘကောင်းကို ပြန်လည်မေတ္တာသက်နေသည်။

ဒီလိုနှင့် ဒေါက်တာဘကောင်းတို့ မိဘများ၏ သဘောတူညီချက်ဖြင့် မိမိစံတို့ လက်ထပ်လိုက်ကြသည်။

မိမိစံလည်း ချက်ချင်းပင် ရန်ကုန်သူ ဆရာဝန်ကတော်ဖြစ်သွားသည်။ ယောက္ခမများကလည်း မိမိစံကို သိပ်ချစ်ကြသည်။

မိမိစံ၏ မိဘများသည် ရွာပြန်ရန် ဆုံးဖြတ်ခဲ့သော်လည်း သဘောကောင်းလွန်းသော မိမိစံ၏ ယောက္ခမများက ပေးမပြန်ခဲ့။ သူတို့နှင့် အတူနေစေခဲ့သည်။

ဒီလိုနှင့် မိမိစံ၏ မိဘများသည် ဒေါက်တာဘကောင်းတို့ အိမ်၌ သက်တောင့်သက်သာ နေခဲ့ကြရသည်။

သားလေးကောင်းမြတ်စံကို မွေးပြီး ခြောက်နှစ်အကြာတွင် မိမိစံ၏ မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည်။

'ဒါနဲ့မိစံ၊ ဒေါ်ကြီးနဲ့ ဦးလေးကော မာရဲ့နော်'

'အဖေနဲ့အမေ ဆုံးသွားပါပြီ ကိုဖြူလေး'

'ဩော်'

'မိစံလည်း ရွာ မရောက်တာ အတော်ကြာလို့ ကိုဘကောင်းကိုခွင့်ယူခိုင်းပြီး လိုက်ပို့ခိုင်းရတာ ပဲရှင်'

'အေးဟာ…နင်လာလည်တာ တို့သိပ်ဝမ်းသာပါတယ်။ ဒီရွာလေးကို

နင်မမေ့သေးတာကိုလည်း တို့တွေ သိပ်ဝမ်းသာတယ်’

‘ဒီရွာလေးကို မိစံမမေ့ပါဘူး၊ ဘယ်တော့မှလဲ မေ့နိုင်မှာမဟုတ်ပါဘူးရှင်၊ ဒီရွာလေးဟာ မိစံရဲ့ ဇာတိ ချက်မြှုပ်ပဲဟာ’

ရွာသားများနှင့် ဒေါ်မိမိစံ စကားကောင်းနေကြသည်။ ရွာသားများနှင့်စကားပြတ်သွားတော့ ဒေါ်မိမိစံ ဆရာတော်ကို လျှောက်တင်လိုက်သည်။

‘ဘုန်းဘုန်းဘုရား ပုံပုံလေးလည်း မိစံမွေးစားပါရစေ ဘုရား၊ ပုံပုံကို သမီးတစ်ယောက်လိုထားပါ့မယ် ဘုရား’

‘ကောင်းပြီလေ ပုံပုံမှာက ဆွေမျိုးလည်း ရှိတာမဟုတ်ဘူး၊ ပုံပုံအမေနှင့်မိစံက သိပ်ချစ်ခင်ကြတဲ့ သူငယ်ချင်းတွေပဲလေ၊ ပုံပုံကို မွေးစားချင်ရင်တော့ ခေါ်သွားပေ့ါလေ၊ ရွာသားများအရှေ့မှာပဲ ပုံပုံ့ကို မိစံလက်ထဲထည့်လိုက်ပါတယ်’

‘ဒါပေမယ့် ဘုန်းကြီးတစ်ခုတော့ မှာလိုက်ပါရစေ၊ ဘာလဲဆိုတော့...’

ဆရာတော်က စကားကို ခဏရပ်လိုက်ပြီး မိမိစံတို့မိသားစုနှင့်ရွာသားများကို တစ်ချက်ကြည့်လိုက်သည်။ အားလုံးက ဆရာတော့် စကားကို တရိုတသေ နားထောင် နေသည်ကို တွေ့လိုက်ရသဖြင့် စကားဆက်လိုက်သည်။

‘ပုံပုံလေးကိုတော့ အတန်းပညာသို့မဟုတ်၊ လက်မှုပညာတစ်ခုခုတော့ သင်ပေးပါလို့ မှာလိုက်ပါရစေ’

‘စိတ်ချပါဘုရား ပုံပုံလေးကို ကျောင်းထားမှာပါဘုရား၊ သားသားကောင်းမြတ်စံနဲ့ အဖော်လည်း ရပါတယ်ဘုရား၊ ပုံပုံလေးကို မြင်မြင်ချင်း တပည့်တော် ချစ်ခင်မိပါတယ် ဘုရား’

ဘကောင်းရဲ့ စကားကိုကြားလိုက်သဖြင့် ဆရာတော်နှင့်တကွ ရှာသားအားလုံးပါ စိတ်ချမ်းမြေ့သွားကြလေသည်။

*

## အခန်း (၃)

ပုံပုံ၏ အိမ်လေးတွင် ယုန်နီ၊ မိုးသဲ၊ မဲလေး၊ ညိုမောင်တို့ ခပ်မှိုင်မှိုင်လေး ထိုင်နေကြသည်။ မနက်ဖြန်ဆိုလျှင် ဒေါ်မိမိစံတို့ မိသားစုနှင့် ရန်ကုန်မြို့သို့ ပုံပုံလိုက်ပါ သွားရပေတော့မည်။ အခုညအတွက် ဒေါ်မိမိစံတို့မိသားစုက ယုန်နီတို့အိမ်တွင် အိပ်ကြမည်ဖြစ်သည်။

ယုန်နီကတော့ ပုံပုံ့အိမ်လေးတွင် လာအိပ်မည်ဟုဆိုကာ ပုံပုံတို့အိမ်သို့ ရောက်လာနေကြသည်။

ငါးယောက်သား ဝိုင်းထိုင် နေကြသော်လည်း တစ်ယောက်နှင့်တစ်ယောက်စကားမပြောဖြစ်ကြ။

အလယ်မှာ ချထားသော မီးခွက်ကလေးကိုပဲ စိုက်ကြည့်ပြီး ငြိမ်သက်တိတ်ဆိတ်နေကြသည်။

တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သူက ယုန်နီ...

'ပုံပုံ နင်တကယ်ပဲ ငါတို့ကို ခွဲသွားတော့မှာပေါ့နော်'

ယုန်နီအသံတုန်တုန်လေးကို ကြားလိုက်ရသည်နှင့် ပုံပုံ၏ ညိုမှိုင်းနေသော မျက်နှာကလေးတွင် မျက်ရည်ကြည်တို့ပြည့်တက်လာသည်။

'ဘယ်လိုပြောလိုက်တာလဲ မယုန်ရယ်၊ ပုံ မယုန်တို့ကို လုံးဝမခွဲချင်ပါဘူး၊ ပုံလေ... ပုံ့သူငယ်ချင်းတွေရှိတဲ့ ရွာလေးကိုချစ်တယ်၊ ဒီရွာလေးမှာပဲ ပုံနေချင်ပါတယ်၊ ဒါပေမယ့် ပုံနေလို့မှမရတာ ၊ ဘုန်းဘုန်းဘုရားကိုယ်တော်တိုင်က ဒေါ်မိမိစံတို့ မိသားစုကို

မွေးစားဖို့ပေးလိုက်တာပဲဟာ’ ပြောရင်းပုံပုံငိုတော့သည်။

ညိုမောင်သည် ပုံပုံ၏ မျက်ရည်များကို မြင်လိုက်သည်နှင့် နေမထိထိုင်မသာ ဖြစ်သွားသည်။

ရှိုက်ငိုနေတဲ့ ပုံပုံလက်ကလေးကို ဆုပ်နယ်ရင်း နှစ်သိမ့်စကား ပြောနေမိသည်။

‘မငိုပါနဲ့ပုံပုံရယ်၊ တို့ကို ပုံပုံချစ်သလို ဒီရွာလေးကို ပုံပုံမခွဲချင်ဘူးဆိုတာ တို့တွေသိပါတယ်’

‘ဘုန်းဘုန်းဘုရားက ပုံပုံကို ဒေါ်မိမိစံတို့နဲ့ မွေးစားဖို့ထည့်လိုက်တာကလဲ ပုံပုံကောင်းစားဖို့ပါပဲဟယ်’

ပုံပုံကို အားပေးနှိမ့်သိမ့်နေသော်လည်း ညိုမောင်ကိုယ်တိုင်မှု မငိုမိအောင် ထိန်းနေရသည်။ မွေးကတည်းက လည်ပင်းဖက်ပြီး ကြီးပြင်းလာတဲ့ သူငယ်ချင်းမလေးနှင့် မခွဲချင်ပါ။

ဒါပမယ့် ကံကြမ္မာက သူတို့ သူငယ်ချင်းမလေးနှင့် ကွဲကွာအောင် ဖန်တီးနေသည်။

ယုန်နီ၏ ပါးပြင်ပေါ်တွင် မျက်ရည်စီးကြောင်းကြီးရှိနေသလို မိုးသဲ၏ ပါးပြင်တွင်လည်း မျက်ရည်စီးကြောင်းကြီးက နေရာယူထားသည်။

မဲလေးသည် ငိုချင်စိတ်တို့ကို ထိန်းထားပြီး ခေါင်းကြီးငုံ့ထားလိုက်သည်။

သူငယ်ချင်းများ စိတ်မကောင်း ဖြစ်နေသည်ကို တွေ့လိုက်သဖြင့် ပါးပြင်ပေါ်မှာ ကျနေတဲ့မျက်ရည်များကို ပုံပုံသုတ်ပစ်လိုက်သည်။

အငိုမျက်လုံးလေးဖြင့် သူငယ်ချင်းများကိုကြည့်ပြီး အသံတုန်တုန်လေးဖြင့် စကားပြောတော့သည်။

‘ညိုမောင်၊ မယုန်၊ မဲလေးနဲ့မိုးသဲ နင်တို့ ပုံ့ကို အမြဲသတိရပါနော်၊ ပုံ့ကို

မေ့မထားပါနဲ့နော်၊ ပုံကတော့ နင်တို့ကို အမြဲသတိရနေမှာပါဟာ ဟင့်…’

ငိုသံကိုထိန်းပြီး ပြောနေသော်လည်း ရှိုက်သံတစ်ချက်ပါသွားသည်။

ယုန်နီက ပုံပုံ့ခေါင်းလေးကို ကြင်နာစွာ ပွတ်သပ်ပေးနေရင်း ညင်သာစွာ ပြောလိုက်သည်။

‘ပုံပုံရယ်၊ ပုံပုံလေးကို မယုန်တို့ ဘယ်တော့မှမမေ့ပါဘူးကွယ်၊ အမြဲသတိရနေမှာပါဟယ်၊ ရော့ ပုံပုံ၊ ပုံပုံ အတွက် မယုန်ရဲ့လက်ဆောင်၊ အဖေဇလွန်မြို့ပေါ်သွားတုန်းက ပြည်တော်ပြန်ဘုရားမှာဝယ်ခဲ့တဲ့ နံ့သာစိတ်ပုတီးကလေး၊ မယုန်ကို သတိရတိုင်း ဒီပုတီးကလေးစိပ်နော်’

ခေါင်းပေါင်းထဲ သေသေချာချာ ထည့်ထုပ်ထားတဲ့ စိပ်ပုတီးလေးကို ပုံပုံ့လက်ထဲ ထည့်ပေးလိုက်သည်။

ပုံပုံက စိပ်ပုတီးကလေးကို တရိုတသေလှမ်းယူလိုက်သည်။

‘ပုံလေ မယုန်ရဲ့ စိပ်ပုတီးကလေးကို မပျောက်အောင် သေချာစွာ သိမ်းထားပါ့မယ်ရှင်’

ပြောပြောဆိုဆို ပုံပုံထိုင်ရာမှ ထလိုက်ပြီး မြို့သို့ယူဆောင်သွားမည့် အဝတ်များ ထည့်ထားသော လွယ်အိတ်အစုတ်ကလေးထဲသို့ ထည့်သိမ်းလိုက်သည်။

စိပ်ပုတီးကလေးကို လွယ်အိတ်ထဲထည့်သိမ်းပြီး နေရာမှာ ပြန်လာထိုင်သည်။

သူငယ်ချင်းများ၏ မျက်လုံးများသည် ပုံပုံကိုပဲ လွမ်းဆွတ်စွာ ကြည့်နေကြသည်။

‘ပုံရယ် နင်မနက်ဖြန်ဆို ငါတို့ကိုခွဲသွားတော့မယ်နော်’

မဲလေးက မချိတင်ကဲ အသံလေးဖြင့် ရေရွတ်လိုက်သည်။ ပုံပုံကတော့ ခေါင်းလည်းမညိတ်၊ ခေါင်းလည်မခါ၊ ညှိုးငယ်ငြိမ်သက်စွာ ထိုင်နေသည်။

'ကဲကဲ-အိပ်ကြတော့၊ မနက်ဆို ပုံပုံသွားရတော့မှာဆိုတော့ အိပ်ရေးဝအောင် အိပ်ဖို့သင့်ပြီ'

ယုန်နီပြောလိုက်သဖြင့် အခန်းထောင့်တွင် ပုံထားသော ခေါင်းအုံးလေးတွေကို ယူလိုက်ကြပြီး ဘုရားစင်ရှေ့တွင် စီတန်းထားကာ ငါးယောက်သား အိပ်လိုက်ကြတော့သည်။

ကြမ်းပေါ်ကျောခင်း၊ ခေါင်းအုံးပေါ်တွင် ခေါင်းချထားသော်လည်း ညိုမောင် အိပ်မပျော်ပါ။ အိပ်ချင်စိတ်မရှိသောကြောင့် ထလိုက်ပြီး အိမ်ပေါ်မှဆင်းခဲ့သည်။

အိမ်ပြင်သို့ရောက်သည်နှင့် အေးမြလတ်ဆတ်သော ညလေအေးသည် ညိုမောင့်ကို ကလူကျီစယ်နေသည်။

လပြည့်ညဖြစ်သဖြင့် လဝါဝါကြီးသည် ကြယ်ကလေးများ ခြံရံလျက် ကောင်းကင်ပေါ်တွင် ထွန်းလင်းတောက်ပနေသည်။

တိမ်ကင်းစင်သဖြင့် လပြည့်ညသည် လရောင်အောက်တွင် အေးချမ်းလျက် တည်ရှိနေသည်။

လရောင်ဆမ်းထားသော သစ်ရွက်များသည် မြရောင်တောက်နေကြသည်။

ညိုမောင်သည် ရွာလယ်လမ်းအတိုင်း လျှောက်ခဲ့ရင်းရွာထိပ်သို့ ရောက်ရှိလာသည်။ ရွာထိပ်ကိုလွန်သည်နှင့် ကျယ်ပြောလှသော ကိုင်းကွင်းကြီးကို တွေ့နေရသည်။ ကိုင်းတောအစပ်တွင် အရိပ်အာဝါသကောင်းလှသော ညောင်ပင်ကြီး တစ်ပင်ရှိသည်။

ညောင်ပင်အောက်သို့ ညိုမောင် လှမ်းဝင်လိုက်ပြီး ညောင်မြစ်ကြီးတစ်ခုပေါ်တွင် ဝင်ထိုင်လိုက်သည်။

ကိုင်းတောထဲတွင် စိုက်ပျိုးထားသော ပဲပင်အမျိုးမျိုး၊ ငရုတ်ပင်၊ ချဉ်ပေါင်ပင်၊ ခရမ်းပင်အစရှိသော အပင်အမျိုးတို့သည် လရောင်အောက်တွင် လေသင့်ရာသို့ ယိမ်းနွဲ့နေကြသည်။

ညိုမောင်သည် လေညှင်းခံရင်း လရောင်အောက်တွင် ယိမ်းနွဲ့နေကြသော အပင်တို့ကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိသည်။

အိပ်ချင်စိတ်လည်း လုံးလုံးမရှိ။

ညိုမောင်တစ်ယောက် အိပ်ချင်စိတ်မရှိသလို ပုံပုံသည်လည်း အိပ်၍ မပျော်ပါ၊ ဟိုလူးဒီလိမ့်လုပ်ရင်းအိပ်မရသည့်အဆုံး အိပ်ရာမှထလိုက်ပြီး ကိုင်းတောဘက်ကို ထွက်လာခဲ့သည်။

အေးမြလတ်ဆတ်သောလေကို ရှူရှိုက်ရင်း ကိုင်းတောအစပ်ရှိ ညောင်ပင်ကြီးအောက်သို့ လျှောက်လာခဲ့သည်။

ညောင်ပင်ဆီသို့ တရွေ့ရွေ့ လာနေတဲ့ အရိပ် တစ်ခုကို ညိုမောင်တွေ့လိုက်ရသည်။

လရောင်ဖြင့် အရိပ်ကို သေချာစွာကြည့်လိုက်မိသည်။

'ဟင် ပုံပုံပါလား'

ညောင်ပင်အောက်တွင် အရိပ်မည်းမည်းတစ်ခုကို တွေ့လိုက်သဖြင့် ပုံပုံခြေလှမ်းလေးတုံ့ကနဲ ရပ်သွားသည်။ ကြောက်စိတ်ဝင်လာသဖြင့် ရွာဘက်သို့ပြန်ရန် ခြေလှမ်းပြင်လိုက်သည်။

'ပုံပုံ ငါပါညိုမောင်ပါဟ၊ အိပ်မပျော်တာနဲ့ လမ်းထွက်လျှောက်ရင်း ဒီမှာလာထိုင်နေတာပါ'

ညိုမောင့်အသံ ကြားလိုက်ရသဖြင့် ညောင်ပင်အောက်သို့ ရဲတင်းစွာ လှမ်းဝင်လိုက်ပြီး ညိုမောင့်ဘေးရှိ သစ်မြစ်ကြီးတစ်ခုပေါ်တွင် ဝင်ထိုင်လိုက်သည်။

‘ညိုမောင်ရယ်၊ မနက်ဖြန်ဆို နင်တို့ကို ငါခွဲသွားရတော့မယ်နော်၊ ငါလေ နင်တို့နဲ့ ခွဲမသွားချင်ဘူးဟယ်၊ ဒါပေမယ့် နင်နဲ့တို့နဲ့ တကယ်ခွဲသွားရတော့မယ်နော်’

ဤတွင် လရောင်ဖြင့် အရာဝတ္ထုများကို သဲကွဲစွာမြင်ရသော်လည်း ညိုမောင်နှင့် ပုံပုံတို့ ထိုင်နေသောနေရာလေးသည် ညောင်ရွက်တို့ဖြင့် အရိပ်ကျနေသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် သဲကွဲစွာ မမြင်ရပါ။

ပုံပုံမျက်နှာကို ညိုမောင်သဲကွဲစွာ မမြင်ရသော်လည်း ပုံပုံ့မျက်ဝန်းတွင် မျက်ရည်ကြည်တို့ ခိုတွဲနေမှာကိုတော့ ညိုမောင်သိလိုက်သည်။

ညိုမောင်သည် သက်ပြင်းတစ်ချက်ကို လူကြီးတစ်ယောက်ပမာ ချလိုက်သည်။

‘ဟင်း’

‘ငါလေ မယုန်၊ မဲလေး၊ မိုးသဲတို့ကို ခင်ပေမယ့် နင့်လောက်ငါသူတို့ကို သိပ်မခင်ဘူးလို့ ထင်တယ်ညိုမောင် ငါလေ နင့်ကိုအခင်ဆုံးပဲဟယ်’

‘ပုံပုံရယ် ငါလဲ နင့်လိုပါပဲဟယ်၊ နင်တကယ် ငါတို့ကို ခွဲသွားတော့မယ်ဆိုတော့လေ ငါ့ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ်ဟာ၊ အော်ဟစ်ပြီးတော့ကို ငါငိုချလိုက်ချင်တယ်ဟယ်’

‘ငိုတော့မငိုလိုက်ပါနဲ့ ညိုမောင်ရယ်၊ နင်ငိုရင် ငါလဲငိုမိလိမ့်မယ်ဟယ်’

‘ငါမငိုပါဘူး၊ ပုံပုံရယ်၊ ငါ ယောကျ်ားလေးပါ၊ ဘွားဘွားက ပြောတယ် ယောကျ်ားဆိုတာ မျက်ရည်မလွယ်ရဘူးတဲ့’

‘ညိုမောင် ငါတို့ သူငယ်ချင်းတွေ တစ်နေ့ကျရင် ပြန်ဆုံမှာလားဟင်’

‘ပြန်ဆုံမှာပေါ့ ပုံပုံရယ်၊ အဲဒီ အခါကျရင်သာ မြို့သူဖြစ်သွားတဲ့နင်က ငါတို့ကို မခေါ်ဘဲနဲ့တော့ မစနဲ့နော်’

‘ဟယ်-ပြောရက်လိုက်တာ ညိုမောင်ရယ်၊ မမှတ်မိရင်သာ မခေါ်ဘဲနဲ့

ရှိချင်ရှိမှာပါဟယ်’

‘ဘာလဲပုံပုံ၊ နင်က ငါ့ရုပ်ကိုတောင် မှတ်မိနိုင်စွမ်းသာ မရှိတော့ဘူးလားဟာ’

‘ဘိုးဘိုးရှိတုန်းက၊ ဘိုးဘိုးငါ့ကို ပြောပြဖူးတယ်၊ မြေးလေးတဲ့ လူတွေဟာတဲ့ ငယ်ရာက ကြီးလာရင် ရုပ်ပြောင်းတတ်တယ်တဲ့၊ တချို့တွေကတော့ ကြီးလဲငယ်ရုပ်မပျောက်ဘူးတဲ့၊ နင်ငယ်ရုပ်မပျောက်ဘူးဆိုရင်တော့ ငါမှတ်မိမှာပါဟာ’

‘နင့်ကိုတော့ ငါမှတ်မိလိမ့်မယ်လို့ ထင်တယ်ပုံပုံ’

‘နင့်ကိုလဲ ငါမှတ်မိမှာပါဟာ၊ နင့်ဘယ် လက်မောင်းရင်းမှာ မွေးရာပါ ပန်းသီးပုံ အမှတ်နီလေး ရှိနေတာပဲဟာ’

‘အေး ဟုတ်တယ်၊ နင့်မှာကျတော့ အမှတ်လဲမပါဘူး၊ နင်မှန်းဒိုင်းကနဲသိအောင် ငါဘယ်လိုမှတ်ရပ့်’

‘ညိုမောင်ကလဲကွာ၊ မေးကြည့်ပေါ့၊ မမှတ်မိရင် ပြောတာပါ’

‘နင်ဟာက မဟုတ်သေးပါဘူး၊ မိန်းကလေးတိုင်း ပုံပုံလားလိုက်မေးရင် ငါ့ကိုအရူးထင်မှာပေါ့ဟ၊ ဟာ ဟုတ်ပြီ၊ ရော့- နင် ဒါလေးကို လည်ပင်းမှာ အမြဲဆွဲထား’

လည်ပင်းတွင် ဆွဲထားသော ဆွဲကြိုးလေးကို ဖြုတ်ပြီး ပုံပုံ လက်ထဲထည့်ပေးလိုက်သည်။ ဆွဲကြိုးလေးသည် ငွေဖြင့်လုပ်ထားသောကြိုး ဖြစ်သည်။

တခြား ဆွဲကြိုးများနှင့် ပုံစံလုံးဝ မတူပါ။

လခြမ်းနှင့် စပါးနှံလေးတစ်ခု ဆက်စပ်နေသော ပုံသဏ္ဍာန်လေး ဖြစ်သည်။

'ဒါဒါကျန်းမာအောင်လို့ ဆိုပြီးတော့ ငါငယ်ငယ်တုန်းက အဘွားလုပ်ပေးထားတာလေ'

'ဟယ်၊ နင် ငါ့ကိုဒီဆွဲကြိုးလေးပေးလိုက်တော့ ဘွားမယ်အေးက နင့်ကိုဆူမှာပေါ့ဟဲ့'

'မဆူပါဘူးဟာ၊ တခြားသူကို ပေးတာမှ မဟုတ်တာ၊ နင့်ကိုပေးတာပဲဟာ၊ အဘွားက နင့်ကိုချစ်ပြီးသားဆိုတော့ နင့်ကိုပေးရင် ငါ့ကိုမဆူပါဘူးဟာ'

'ဒါဆိုရင် ငါယူလိုက်တော့မယ်၊ ဒီဆွဲကြိုးလေးကို ငါသေသေချာချာ သိမ်းထားပါ့မယ်'

'မသိမ်းထားပါနဲ့ဟာ၊ လည်ပင်းမှာ ဆွဲထားစမ်းပါဟာ၊ ကြီးလာရင် နင်ကလှချင်လှလာမှာ၊ ဒီတော့ ငါက နင်မှန်းသိအောင် ဒီဆွဲကြိုးလေးကြည့်ပြီး ခွဲရမှာ'

'ဒါဆိုလဲ ဆွဲထားလိုက်တော့မယ်'

လခြမ်းစပါးနှံ ဆွဲကြိုးလေးသည် ညိုမောင့်လည်တိုင်မှတစ်ဆင့် ပုံပုံလည်တိုင်သို့ ရောက်ရှိသွားတော့သည်။

ထိုညတွင် ပုံပုံနှင့်ညိုမောင်တို့သည် ရောက်တက်ရာရာစကားများကို ပြောဆိုရင်း သန်းခေါင်ကျော်မှ အိမ်သို့ပြန်ခဲ့ကြတော့သည်။

နောက်တစ်နေ့နံနက်တွင် ပုံပုံသည် သူမသိသေးသော မိသားစုနှင့် ရန်ကုန်မြို့ကြီးသို့ လိုက်ပါသွားရတော့သည်။

ပုံပုံမျက်ဝန်းထဲတွင်တော့ သူငယ်ချင်းများ၏ ဝမ်းနည်းနေသော မျက်နှာလေးများကိုသာ မြင်ယောင်နေမိတော့သည်။

*

## အခန်း (၄)

ဦးဘကောင်း၊ ဒေါ်မိမိစံတို့၏ ကောင်းရတနာဂေဟာသည် ပုံပုံ့အတွက်တော့ နတ်နန်းပမာ ခမ်းနားကြီးကျယ်နေသည်။

ညို့မောင့်အဘွား ဒေါ်မယ်အေး ပြောပြဖူးသော နတ်ဘုံနတ်နန်းသည်ပင် ကောင်းရတနာလောက် ကောင်းနိုင်ပါ့မလား-ဟု ကလေးတွေးဖြင့် ပုံပုံတွေးမိသည်။

ခြံဝတွင် ချိတ်ဆွဲထားသော ကောင်းရတနာဂေဟာ ဆိုသည့် ဆိုင်းဘုတ်ကြီးသည် ပန်းကနုတ်များဖြင့် လှပစွာထွင်းထုထားပြီး သုတ်လိမ်းထားသော အရောင်တင်ဆီများကြောင့် ခန့်ညားစွာ တည်ရှိနေသည်။

ခြံကျယ်ကြီးအလယ်တွင် ခေတ်မီ နှစ်ထပ် တိုက်ကြီးသည် လှပစွာ တည်ရှိနေသည်။ နှစ်ထပ်တိုက်ကြီး၏ အရှေ့ဘက်မျက်နှာစာတွင် စိုက်ပျိုးထားသော ပန်းလှလှလေးများ၊ ဒန်းလှလှလေးများနှင့် ရေပန်းလှလှလေးတို့သည် သူ့နေနှင့်သူလှပစွာ တည်ရှိနေသည်။

တိုက်ကြီး၏ ညာဘက်ဘေးတွင် ကျယ်ဝန်းလှသော ကစားကွင်းတစ်ခု တည်ရှိသည်။

တိုက်၏ ဘယ်ဘက်တွင်တော့ ကားဂိုဒေါင်ရှိသည်။

တိုက်၏ နောက်ဘက် ညာဘက် အခြမ်းတွင် စိမ်းလဲ့နေသော ရေကူးကန်တစ်ခုရှိပြီး တိုက်၏ အနောက်ဘက် တည့်တည့်တွင် နှစ်ရှည်ပင်များဖြစ်ကြသော သရက်၊ ပိန္နဲ၊ မာလကာ၊ ဩဇာစသော စားပင်များနှင့် ပိတောက်၊ ခရေ၊ ကန့်ကော်-စသောပန်းပင်များ ရှိပါသည်။

တိုက်အနောက်ဘက် ဘယ်ဘက်ခြမ်းတွင် သပ်ရပ်စွာ ဆောက်လုပ်ထားသော အလုပ်သမားတန်းလျားတစ်ခု တည်ရှိသည်။

ခြံကျယ်ကြီးကို လှည့်ပတ်ကြည့်ရှုရင်း ပုံပုံအံ့သြနေသည်။

ခြံကျယ်ကြီး၏ ခန့်ညားလှပပုံ၊ တိုက်အိမ်ကြီး၏ ခန့်ညားလှပပုံက ပုံပုံတို့ရွာနှင့် လားလားမှမဆိုင်။ ကောင်းရတနာဂေဟာသို့ ရောက်ရောက်ချင်း ဦးဘကောင်းနှင့် ဒေါ်မိမိစံတို့၏ ခွင့်ပြုချက်အရ ခြံကျယ်ကြီးထဲသို့ ပုံပုံ လျှောက်ကြည့်နေခြင်း ဖြစ်ပါသည်။

ကျယ်ဝန်းလှသော ဤခြံကျယ်ကြီးထဲတွင်ရွာကသူငယ်ချင်းများနှင့် ပုံပုံဆော့ကစားချင်နေမိသည်။ စိမ်းလဲ့ကြည်လင်နေသော ရေကန်ကြီးထဲသို့ သူငယ်ချင်းများနှင့်အတူ ခုန်ဆင်းပြီး ဆော့ကစားချင်စိတ်တို့သည် ပုံပုံ့ရင်တွင် ပြင်းထန်စွာ ပေါ်လာနေသည်။

မြစ်ချောင်းများနှင့်နီးသော ရွာလေးတွင် နေထိုင်လာသော ပုံပုံတို့သူငယ်ချင်းတစ်စုမှာ ရေကိုကောင်းမွန်စွာ ကူးတတ်ပါသည်။

'ဟိတ်...ကောင်မလေး'

သူငယ်ချင်းများကို သတိရစိတ်နှင့် တွေးငေးနေသော ပုံပုံသည် ကောင်းမြတ်စံ၏ အသံကို ရုတ်တရက်ကြားလိုက်ရသဖြင့် လန့်သွားသည်။

လန့်သွားသော ပုံပုံကို ကြည့်ပြီး ကောင်းမြတ်စံ မျက်ခုံးတွန့်လိုက်သည်။

'မင်းကို မေမေခေါ်နေတယ်၊ ငါနဲ့လိုက်ခဲ့'

ပြောပြောဆိုဆို ကောင်းမြတ်စံ လှည့်ထွက်သွားသဖြင့် ပုံပုံပြေးလိုက်ခဲ့ရသည်။

ခြေချရက်စရာမရှိအောင် ခင်းကျင်းထားသော မွေးပွကော်ဇောကြီးကို နင်းလျက် ဧည့်ခန်းရှိဆက်တီတစ်ခုပေါ်တွင် ကောင်းမြတ်စံ ဝင်ထိုင်လိုက်သည်။

ပုံပုံကတော့ နူးညံ့အိထွေးနေသော ကော်ဇောကြီးကို မရဲတရဲနင်းလျက် အလှပန်းအိုးဘေးတွင် ရပ်နေသည်။

'သမီးလေး လာထိုင်လေ'

ဦးဘကောင်းက သူ့ဘေးရှိ ဆိုဖာတစ်လုံးကို ပုတ်ပြပြီး ခေါ်လိုက်သဖြင့် ထိုဆိုဖာပေါ်သို့ ပုံပုံသွားထိုင်လိုက်သည်။

'သမီး'

ဒေါ်မိမိစံ၏ ညင်သာစွာ ခေါ်လိုက်သံကို နားချမ်းမြေ့စွာ ပုံပုံကြားလိုက်ရသည်။

'သမီးဟာ ဒီနေ့ကစပြီး မေမေဒေါ်မိမိစံ၊ ဖေဖေဦးဘကောင်းတို့ရဲ့သမီး ဖြစ်သွားပြီနော်'

'ဒါကြောင့် မေမေနဲ့ဖေဖေကို မေမေနဲ့ဖေဖေလို့ပဲ ခေါ်ရမယ်'

'မေမေ'

'ဖေဖေ'

ပုံပုံတစ်သက်နှင့်တစ်ကိုယ်တွင် တစ်ခါမှ မခေါ်မသုံးနှုန်းဖူးသော အသုံးအနှုန်းလေး။

'မေမေ'

'ဖေဖေ'

ရင်ထဲမှာပဲ တိတ်တခိုးလေး ခေါ်ခဲ့ဖူးသော အသုံးအနှုန်း။

ဘယ်တော့မှ မခေါ်ရတော့ဘူးလို့ ထင်နေတဲ့ အသုံးအနှုန်း။

ပုံပုံသိပ်ခေါ်ချင်နေတဲ့ အသုံးအနှုန်းလေး။

အခုတော့ ပုံပုံခေါ်ရတော့မည်။

ခေါ်နေရပြီ။

'မေမေ'

'ဖေဖေ'

ရင်ထဲကအသံသည် တုန်ရီစွာ ထွက်ပေါ်လာသည်။

ပုံပုံရဲ့ အပြစ်ကင်းစင်တဲ့ မျက်လုံးလေးမှ မျက်ရည်တွေ စီးကျလို့လာခဲ့သည်။

'ဟင် သမီး သမီး ဘာ ဘာဖြစ်လို့လဲဟင်'

အထိတ်တလန့်မေးလာတဲ့ ဦးဘကောင်းနှင့် ဒေါ်မိမိစံတို့ကို ကျေးဇူးတင်သော အပြုံးလေးနှင့် ပုံပုံပြုံးပြလိုက်ပြီး-

'သမီးဘာမှမဖြစ်ပါဘူး ဖေဖေနဲ့မေမေ၊ သမီးဝမ်းသာလွန်းလို့ မျက်ရည်ကျသွားတာပါ၊ သမီးရဲ့ဘဝမှာ ဖေဖေနဲ့မေမေဆိုတဲ့ အသုံးအနှုန်းကို တစ်ခါမှ ခေါ်ဝေါ်မသုံးစွဲခဲ့ဖူးဘူး၊

အခု အခု'

စကားဆုံးအောင် ဆက်မပြောနိုင်တော့ဘဲ ပုံပုံ ရှိုက်ငိုလိုက်မိသည်။

'သမီးရယ်'

'ကဲ တိတ် တိတ် သမီး မငိုနဲ့တော့နော်၊ အခု ဖေဖေမေမေတို့ ရှိပြီပဲကွယ်'

ပုံပုံအား ကရုဏာသံလေးနှင့် ချော့ပြလိုက်ရင်း မျက်ရည်များဖြင့် ရွှန်းလက်နေသော ပုံပုံ၏ မျက်လုံးလေးသည် ပုံပုံ၏ အမေ (သူမ၏ သူငယ်ချင်း) နှင်းပွင့်မျက်လုံးလေးနှင့် သိပ်တူသည်ဟု ဒေါ်မိမိစံထင်နေသည်။

'သမီးဟာ ဖေဖေမေမေတို့ရဲ့ သမီးအရင်း ဖြစ်သွားပြီနော်၊ ဒါကြောင့်

သမီးနာမည်ကလည်း ပုံပုံမဟုတ်တော့ဘူး’

‘ဟင်- ပုံပုံမဟုတ်တော့ဘူး ဟုတ်လား’

မျက်လုံးလေးပြူးပြီး မေးလာတဲ့ ပုံပုံကို ဦးဘကောင်း ခေါင်းညိတ်ပြလိုက်သည်။

ပုံပုံဆိုတဲ့ကလေးမလေးကို မြင်မြင်ချင်း သမီးရင်းလေးတစ်ယောက်လို ဦးဘကောင်းချစ်မိခဲ့သည်။ သမီးမရှိတဲ့ သူမို့ မွေးစားလိုက်ချင်သည်။

ဇနီးဖြစ်သူ၏ ဆန္ဒကို မမေးရသေးသဖြင့် ဦးဘကောင်းဘာမှ မပြောသေး။ ဇနီးဖြစ်သူက ပုံပုံလေးကို မွေးစားမယ်လို့ ပြောလိုက်သဖြင့် ဦးဘကောင်း အရမ်းဝမ်းသာသွားရသည်။

ပုံပုံလေး၏ အကြောင်းကိုသိရတော့ ပိုပြီး အသနားပိုရပြန်သည်။

မိဘမဲ့လေး ပုံပုံ။

ပုံပုံ၏ အိုအေစစ်သည် အဘိုးဖြစ်သူ ဦးဘိုးမျှင်။

အခုတော့ ပုံပုံ၏ အိုအေစစ်သဖွယ် ရှင်သန်ခဲ့သော ဦးဘိုးမျှင်လည်း မရှိတော့။

တစ်ကောင်ကြွက်မလေး ပုံပုံကို ဦးဘကောင်း သနားနေမိသည်။

‘သမီးနာမည် ပုံပုံမဟုတ်တော့ဘူး၊ သမီးရဲ့နာမည်လေးက မြမှုူးရွှယ်ကောင်းစံ’

‘အို မြမှုူးရွှယ်ကောင်းစံတဲ့၊ အစ်ကိုပေးလိုက်တဲ့ နာမည်လေးက သိပ်လှတာပဲရှင်၊ သမီးလေးမှတ်ထားနော်၊ သမီးလေးနာမည်က မြမှုူးရွှယ်ကောင်းစံတဲ့ နော်သမီး၊ ပုံပုံ မဟုတ်တော့ဘူး။ မြမှုူးရွှယ်ကောင်းစံဆိုတဲ့ နာမည်လေးထဲက တစ်လုံးလုံးကို နာမ်စားအဖြစ် သုံးစွဲပေါ့’

‘ဟုတ်ကဲ့ မေမေ’

ပုံပုံ ထံမှ မေမေဟု ခေါ်သံကြားလိုက်ရသဖြင့် ဒေါ်မိမိစံ ကျေနပ်သွားရသည်။

‘ဒါနဲ့ သမီးက သုံးတန်းနော်’

‘ဟုတ်ကဲ့ ရှင့်’

‘သုံးတန်းဆိုတော့ ကိုးနှစ်ပေါ့နော် ပြည့်ပြီးပြီလား’

‘တန်ဆောင်မုန်းလပြည့်နေ့မှ ပြည့်မှာပါမေမေ’

‘တန်ဆောင်မုန်းလဆိုတော့ နိုင်ဝင်ဘာလပေါ့၊ သားကအခု ဇူလိုင် ၂ရက်နေ့မှာ ကိုးနှစ် ပြည့်ပြီးသွားပြီဆိုတော့ သမီးမြမှူးရွှယ်ထက် လေးလကြီးတယ်။ သမီး မြမှူးရွှယ်မှတ်ထားရမှာက သားကောင်းမြတ်စံဟာ မြမှူးရွှယ်ကောင်းစံရဲ့ အစ်ကိုအရင်းဆိုတာကိုပဲ’

‘ဟုတ်ကဲ့ ဖေဖေ၊ မှူးမှတ်ထားပါ့မယ်’

ပုံပုံသည် သူမ၏ နာမ်စားအနေဖြင့် ‘မှူး’ ဟု သုံးစွဲလိုက်သဖြင့် ဦးဘကောင်းနှင့် ဒေါ်မိမိစံသဘောကျသွားသည်။

ကောင်းမြတ်စံကတော့ မရယ်မပြုံး၊ ခပ်တည်တည်

‘ကဲ သမီးကို ဖေဖေ ပြန်မေးမယ်၊ သမီးရဲ့ ဖေဖေမေမေရဲ့ နာမည်ဘယ်လိုခေါ်သလဲ’

‘မှူးရဲ့ ဖေဖေ့နာမည်ကဦးဘကောင်းပါ၊ မေမေ့နာမည်က ဒေါ်မိမိစံပါရှင့်’

‘အေး ဟုတ်ပြီ၊ သမီးရဲ့နာမည်လေးက ဘာတဲ့လဲ’

‘မှူးရဲ့ နာမည်က မြမှူးရွှယ်ကောင်းစံပါဖေဖေ’

‘သမီးရဲ့ အစ်ကို အမည်ကရောကွယ်’

‘မှူးရဲ့ အစ်ကိုကောင်းရဲ့နာမည်က ကောင်းမြတ်စံပါရှင့်’

‘ဟုတ်ပြီ၊ ဟုတ်ပြီ အခုနေတဲ့ အိမ်နာမည်က ဘာလဲမှူး’

‘ကောင်းရတနာဂေဟာပါ ဖေဖေ’

‘ဟုတ်ပြီ သမီးမြမှူးရွယ်ကို ကောင်းရတနာဂေဟာမှာရှိတဲ့ အိမ်သားတွေနဲ့ မိတ်ဆက်ပေးရမယ် ဒေါ်ချစ်ရေ၊ ဦးသစ်ရွှေး၊ ဦးပါးမှတ်၊ အေးခင်နဲ့ သောင်းကျော်တို့ကို ခေါ်လိုက်ပါဦး’

အအေးလာပို့သော ဒေါ်ချစ်ကို ပြောလိုက်သည်။

‘ဟုတ်ကဲ့ ဆရာကြီး’

ရှိုရှိုကျိုးကျိုးပုံစံဖြင့် ထွက်ခွာသွားသော ဒေါ်ချစ်ကို ပုံပုံ (သို့မဟုတ်) မြမှူးရွယ်ကောင်းစံ ငေးကြည့်နေမိသည်။

‘ကဲ-လာကြ လာကြ ခင်ဗျားတို့ကို ကျွန်တော့်သမီးနဲ့ မိတ်ဆက်ပေးချင်လို့ပါ’

ဦးဘကောင်းသည် ဆက်တီဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

ဒီလိုပါပဲ ဦးဘကောင်းသည် အဆင့်အတန်း ခွဲတတ်သူတစ်ယောက်မဟုတ်။ သူ့တွင် ခံယူချက်တစ်ခု ရှိသည်။

လူအချင်းချင်းကို လူလိုပင်တန်းတူ ဆက်ဆံရမည်။ ချမ်းသာ ဆင်းရဲမရွေးအတူတူသာ ဆက်ဆံရမည်။ ချမ်းသာသူကို ပို၍ အရေးမပေးသလို ဆင်းရဲနိမ့်ကျသူကိုလည်း မနှိမ့်ချရပါ။

ဆင်းရဲသည် ချမ်းသာသည် ဆိုတာ ဘဝပေးကုသိုလ်ဖြစ်သည့်အတွက် မည်သည့်အတွက်ကြောင့်မှ ဘဝင်မြင့်ရန်မလိုဟု ဦးဘကောင်း ခံယူထားသည်။

ဒါကြောင့် အလုပ်သမားအိမ်ဖော်များကို သူနှင့်တန်းတူထိုင်ခိုင်းခြင်းဖြစ်သည်။ အစားအသောက် ဆိုရာတွင်လည်း ထမင်းအိုးခွဲမချက်ခိုင်း။ တစ်အိုးတည်းပင် ချက်စေသည်။ ဟင်းလည်း ထိုနည်းတူစွာ၊ ဦးဘကောင်းတို့ ပုစွန်ဟင်းဆိုလျှင် အလုပ်သမားများလည်း ပုစွန်ဟင်း၊ ကြက်သားဟင်းဆိုလျှင် အလုပ်သမားများလည်း ကြက်သားဟင်း စားရသည်။

သူတို့တော့ ဟင်းကောင်းစားပြီး အလုပ်သမားများကိုတော့ မကောင်းသောဟင်းများ မကျွေးပါ။ သူတို့စားသလိုပင် စားရသည်။

အနေအထိုင်တွင်လည်း ယောကျ်ားအလုပ်သမားများအတွက် သန့်ရှင်းသပ်ရပ်သော တန်းလျားလေးကို ဆောက်လုပ်ပေးထားသည်။

မိန်းမများဖြစ်ကြသော ဒေါ်ချစ်နှင့် ဒေါ်အေးခင်တူဝရီး နှစ်ဦးကိုတော့ ခေတ်မီနှစ်ထပ်တိုက်ကြီး၏ အောက်ထပ် ဦးဘကောင်း၏ စာကြည့်ခန်းဘေး အခန်းတွင် နေရာပေးထားသည်။ တီဗွီ၊ ဗွီဒီယိုကြည့်လျှင်လည်း သူတို့ကြည့်ချင်သော မည်သည့်အချိန်တွင်မဆို ဧည့်ခန်းတွင် လာကြည့်နိုင်သည်ဟု ခွင့်ပြုထားသည်။

အလုပ်သမားများသည်လည်း သူတို့အပေါ်ကောင်းသော ဆရာကြီးကို ရိုသေလေးစား ချစ်ခင်ကြသည်။ အခွင့်အရေးပေးတိုင်းလည်း မယူတတ်ကြ။

ထမင်းဟင်းဆိုလျှင်လည်း ဆရာကြီးအတွက် အရင်ဖယ်ပြီးမှ စားကြသည်။

ဆရာကြီးက ဗိုက်စာလျှင်လည်း အချိန်မရွေးစားနိုင်သည်ဟု ခွင့်ပြုထားသော်လည်း မနက်စောစောပဲပြုတ်နဲ့ထမင်းကြော်တစ်ကြိမ်နှင့် မနက်စာညစာသာ စားကြသည်။ ဆရာကြီးတစ်ဦးသာ သဘောကောင်းသည်မဟုတ်၊ ဆရာကြီးကတော်မမိနှင့်ဆရာကြီးသား ကောင်းမြတ်စံတို့သည်လည်း စိတ်သဘောထားကောင်းကြသည်။

သို့အတွက် အလုပ်သမားများသည် ဦးဘကောင်းတို့ မိသားစုအပေါ်တွင်

ချစ်ခင်ကျိုးနွံကြသည်။

'ခင်ဗျားတို့ကို ကျွန်တော့်သမီးလေး မြမှုံးရွှယ်နဲ့ မိတ်ဆက်ပေးချင်လို့ပါ'

အလုပ်သမားသည် သူ့ကိုဆရာကြီးဘေးရှိ ဆက်တီခုံတွင် ထိုင်နေသော ကလေးမလေးတစ်ယောက်ကို ကြည့်လိုက်ကြသည်။

'သူ့နာမည်က မြမှုံးရွှယ်ကောင်းစံတဲ့၊ ကောင်းမြတ်စံရဲ့ ညီမလေးပေါ့ဗျာ၊ သမီးမှုံး ဒီဘက်က အဒေါ်ကြီးနာမည်က ဒေါ်ချစ်တဲ့၊ ဒေါ်ချစ်ဘေးက အစ်မနာမည်ကတော့ အေးခင်တဲ့၊ ဒေါ်ချစ်နဲ့အေးခင်တို့ တူဝရီးက ကောင်းရတနာဂေဟာရဲ့ ထမင်းချက်တာဝန်နဲ့ အိမ်သန့်ရှင်းရေးကို တာဝန်ယူပြုလုပ်ပေးနေတဲ့ သူတွေပေါ့'

ဟိုဘက်က ဘကြီးနာမည်က ဦးပါးမှတ်တဲ့၊ ကောင်းရတနာဂေဟာကြီးတစ်ခုလုံးအတွက် လုံခြုံအောင် စောင့်ရှောက်ပေးတဲ့သူပေါ့။

ဦးဘကောင်းက ဒီလိုပင် ခြံစောင့်၊ အိမ်ဖော်၊ ဒရိုင်ဘာလို့ တိုက်ရိုက်မပြောဘဲ ချိုသာတဲ့ စကားလုံးလေးတွေကိုသာ ရွေးပြောတတ်သည်။

အဲသလိုမျိုး မိတ်ဆက်ပေးတိုင်း အလုပ်သမားများ၏ ရင်သည် အေးမြရသည်။

'ဦးပါးမှတ်ဘေးက သူကတော့ မောင်သောင်းကျော်တဲ့ မောင်သောင်းကျော်က ဖေဖေ၊ မေမေ၊ ကောင်းနဲ့သမီးတို့ သွားချင်တဲ့နေရာကို လိုက်ပို့ပေးတဲ့သူ၊ သမီးနဲ့သားကောင်းမြတ်စံတို့ ကျောင်းသွားရင် မောင်သောင်းကျော်က ကားလေးနဲ့လိုက်ပို့ပေးလိမ့်မယ်ကွဲ့။ မောင်သောင်းကျော်ဘေးက သူကတော့ ဦးသစ်ရွှေးတဲ့၊ ကောင်းရတနာ ဂေဟာကြီးရဲ့ ခြံကျယ်ကြီးကို သန့်ရှင်းလှပအောင် ပြုပြင်တဲ့သူပေါ့။ မှုံးက သူတို့နဲ့ ခင်ခင်မင်မင်နေနော်'

‘ဟုတ်ကဲ့ပါ ဖေဖေနဲ့မေမေ၊ မှုူး အားလုံးနဲ့ခင်အောင်နေပါ့မယ်၊ ဦးတို့ ဒေါ်ဒေါ်တို့လဲ မှူးကို ခင်ပါနော်’

‘အို…ချစ်စရာကောင်းလိုက်တဲ့ ကလေးမလေးပဲ။ စကားပြောလဲယဉ်ကျေးလိုက်တာ၊ ဒီလိုချစ်စရာကောင်းပြီး စကားပြောယဉ်ကျေးတဲ့ မှူးကိုမခင်လို့ ဘယ်သူ့ကိုခင်ရမှာလဲကွယ်’

အလုပ်သမားများ အားလုံးသည် စကားပြောလိမ္မာသော ပုံပုံ (သို့မဟုတ်) မြမှုူးရွှယ် ကောင်မလေးကို မြင်မြင်ချင်းပင် ချစ်ခင်သွားမိကြတော့သည်။

*